ချက်ချင်းထုတ်ပြန်ရန်

# မြန်မာနိုင်ငံ။ ။ အခွင့်အရေးချိုးဖောက်မှုများက ပြုပြင်ပြောင်းလဲမှုအပေါ် အန္တရာယ်ရှိစေ

*အစိုးရ၏ အပြောင်းအလဲ လုပ်ဆောင်ချက်များ ကတိတွေအတိုင်း ဖြစ်မလာ*

(၂၀၁၃ ဇန်နဝါရီလ ၃၁ ရက်၊ ဘန်ကောက်) - လူ့အခွင့်အရေးကို လေးစားတန်ဖိုးထားသည့် ပြုပြင်ပြောင်းလဲမှုများဖြစ်စေရန် အစိုးရက မှတ်သားလောက်စရာ ဆောင်ရွက်ချက်တချို့ လုပ်ဆောင်ခဲ့သော်လည်း ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေမှာ ဆိုးရွားနေဆဲဖြစ်သည်ဟု လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ (Human Rights Watch) က ယနေ့ ပြောကြားလိုက်သည်။

စာမျက်နှာ ၆၆၅ ရှိတဲ့ ၄င်း၏ ၂၀၁၃ ခုနှစ် ကမ္ဘာ့အစီရင်ခံစာတွင် အာရပ်နွေဦး နောက်ဆက်တွဲအခြေအနေ အပါအဝင် နိုင်ငံပေါင်း ၉၀ ကျော်၏ ယမန်နှစ်က လူ့အခွင့်အရေးဆိုင်ရာ တိုးတက်မှုများကို စိစစ်သုံးသပ် တင်ပြထားသည်။

လွန်ခဲ့သည့်နှစ်တွင် မြန်မာအစိုးရက နိုင်ငံရေးအကျဉ်းသား ၄၀၀ နီးပါး လွှတ်ပေးခဲ့သည်။ မီဒီယာ ထိန်းချုပ်မှုများကို လျှော့ပေါ့ပေးခဲ့ပြီး၊ အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် သူမ၏ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဧပြီလကြားဖြတ်ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့် လွှတ်တော် ၄၃ နေရာတွင် တာဝန်ယူခွင့်ပြုခဲ့ပါသည်။ သို့ရာတွင် ကချင်ပြည်နယ် လက်နက်ကိုင်ပဋိပက္ခတွင် အရပ်သားများအပေါ် ဆိုးရွားသောညှဉ်းပမ်းမှုများနှင့် ရခိုင်ပြည်နယ်တွင် ရိုဟင်ဂျာမူဆလင်များကို ပစ်မှတ်ထားသည့် ဘာသာရေးဆိုင်ရာ အကြမ်းဖက်မှုတို့အတွက် လုံခြုံရေးတပ်များကို ၎င်းတို့၏လုပ်ရပ်များအတွက် တာဝန်ယူစေရန် အစိုးရက မလုပ်ဆောင်ခဲ့။ ထိုပဋိပက္ခ နှစ်ခုစလုံးကြောင့် ထွက်ပေါ်လာသော သောင်းပေါင်းများစွာသော အိုးအိမ်စွန့်ခွာခဲ့ရသူများကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များကို တားဆီးပိတ်ပင်ခဲ့ပြီး၊ ရန်ကုန်နှင့် အခြားနေရာများတွင် ငြိမ်းချမ်းစွာဆန္ဒပြသူများကို နှိမ်နင်းဖြိုခွင်းခဲ့သည်ဟု လူ့အခွင့်အရေး စောင့်ကြည့်မှုအဖွဲ့က ဆိုပါသည်။

"လွန်ခဲ့တဲ့နှစ်အတွင်း ဆိုးရွားတဲ့လူ့အခွင့်အရေး ချိုးဖောက်မှုတွေ ဆက်ဖြစ်နေတဲ့ကြားက နိုင်ငံတကာမှာ မြန်မာပြည်အပြောင်းအလဲကို လွန်လွန်ကဲကဲ ရောင်းခန်းဖွင့်တာတွေ၊ အလျင်စလိုချီးမွမ်းတာတွေကြောင့် မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုတွေအတွက် ကူညီရာမရောက်ပဲ အတားအဆီးဖြစ်စေခဲ့တယ်" ဟု လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့၏ အာရှဆိုင်ရာ ညွှန်ကြားရေးမှူး ဖီးလ်ရောဘတ်စန်က ပြောပါသည်။ "ညတွင်းချင်း လူ့အခွင့်အရေးတွေကို လေးစားတဲ့ ဒီမိုကရေစီ ရောက်လာဖို့ ဘယ်သူမှ မျှော်လင့်မထားပေမဲ့ ကျန်နေသေးတဲ့ နိုင်ငံရေးအကျဉ်းသားတွေ၊ လူသားချင်းစာနာမှု အထောက်အပံ့ကို ပိတ်ဆို့နေမှုတွေနှင့် စစ်ရာဇဝတ်မှုတွေအတွက် တာဝန်ခံမှု ကင်းမဲ့နေတာတွေဟာ၊ အခြေခံရပိုင်ခွင့်နဲ့ပတ်သက်ပြီး အခြေခံအဆင့် လူ့အခွင့်အရေးဆိုင်ရာ စာမေးပွဲမှာ ကျနေတုန်းပါ" ဟု ၄င်းကပြောပါသည်။

ဇွန်လတွင် ရခိုင်ပြည်နယ်၌ ဗုဒ္ဓဘာသာ ရခိုင်လူမျိုးများနှင့် မွတ်စလင် ရိုဟင်ဂျာလူမျိုးများအကြား ဘာသာရေးဆိုင်ရာအကြမ်းဖက်မှု အသေအကြေ ဖြစ်ပွားခဲ့သည်။ ရိုဟင်ဂျာလူမျိုးသည် ကာလရှည်ကြာစွာ ဖိနှိပ်ညှဉ်းပမ်းခံနေခဲ့ရပြီး၊ ခန့်မှန်းခြေလူဦးရေ ရှစ်သိန်းမှ တစ်သန်းရှိသည့် လူနည်းစုဖြစ်သည်။ မြန်မာအစိုးရက ရိုဟင်ဂျာများအား နိုင်ငံသားခံယူခွင့်ကို စနစ်တကျ ငြင်းပယ်ခဲ့သောကြောင့် ၄င်းတို့မှာ နိုင်ငံမဲ့ ဖြစ်နေကြရသည်။ နိုင်ငံတော်လုံခြုံရေးတပ်ဖွဲ့များက ကနဦးပိုင်းတွင် ထိုအသိုင်းအဝိုင်း နှစ်ရပ်စလုံးအား ကာကွယ်ရန် ပျက်ကွက်ခဲ့သောကြောင့် လူတစ်သိန်းခန့် အိုးအိမ်စွန့်ခွာ နေရာမဲ့သူများ ဖြစ်ခဲ့ရသည်။ ထိုနောက်တွင် နိုင်ငံတော်လုံခြုံရေးတပ်ဖွဲ့များက ရိုဟင်ဂျာများကို ပစ်မှတ်ထားကာ သတ်ဖြတ်ခြင်း၊ ရိုက်နှက်ပြီး အစုလိုက်အပြုံလိုက် ဖမ်းဆီးမှုများ ပြုလုပ်ခြင်း၊ ရိုဟင်ဂျာဒေသများနှင့် ရခိုင်ပြည်နယ် စစ်တွေမြို့ အနီးတဝိုက်ရှိ အိုးအိမ်စွန့်ခွာခဲ့ရသူ ရိုဟင်ဂျာများရှိရာ စခန်းများသို့ လူသားချင်းစာနာမှုဆိုင်ရာ သွားရောက်မှုများ ပိတ်ပင်ခြင်းများ ပြုလုပ်ခဲ့သည်။

အောက်တိုဘာလတွင် ရခိုင်ပြည်နယ်၏ မြို့နယ် ၁၇ ခုရှိ မြို့နယ် ၉ ခုတွင် အကြမ်းဖက်မှုများနှင့် မတရားဖိနှိပ်မှုများ ထပ်မံဖြစ်ပွားခဲ့သည်။ ၎င်းမြို့နယ်များတွင် ဇွန်လက အကြမ်းဖက်မှုမကြုံလိုက်ရသည့် မြို့နယ်များလည်း ပါဝင်သည်။ ယခုတစ်ကြိမ် အကြမ်းဖက်မှုကြောင့် အရေအတွက်မသိ သေဆုံးမှုများနှင့် ထိခိုက်ဒဏ်ရာရမှုများ ပေါ်ပေါက်ခဲ့ပြီး မွတ်စလင်ရွာများ ရွာလုံးကျွတ် လုံးဝဖြိုဖျက်ပစ်ခြင်းနှင့် နောက်ထပ် မွတ်စလင် အယောက် သုံးသောင်းငါးထောင် အိုးအိမ်စွန့်ခွာခဲ့ရခြင်းများ ပေါ်ပေါက်ခဲ့ရပါသည်။ အိုးအိမ်စွန့်ခွာခဲ့ရသူ အများအပြားမှာ စစ်တွေအနီးတဝိုက်သို့ ထွက်ပြေးခဲ့ပြီး ထိုနေရာများတွင်လည်း နိုင်ငံတော် လုံခြုံရေးတပ်များ၏ မတရားဖိနှိပ်မှုများနှင့် ကြုံခဲ့ရပြန်သည်။

မြောက်ပိုင်းရှိ ကချင်ပြည်နယ်တွင် မြန်မာအစိုးရနှင့် ကချင်လွတ်မြောက်ရေးတပ် (ကေအိုင်အေ) တို့အကြား - ဒီဇင်ဘာလ နှောင်းပိုင်းက လေကြောင်းမှ တိုက်ခိုက်မှုများအပါအဝင် - လက်နက်ကိုင် ပဋိပက္ခ ဆက်လက်ဖြစ်ပွားနေပြီး ခန့်မှန်းခြေ အရပ်သား ကိုးသောင်းမှာ အိုးအိမ်မဲ့ဖြစ်ခဲ့ရသည်။ အစိုးရက ကေအိုင်အေ နယ်မြေအတွင်းရှိ အိုးအိမ်မဲ့ကချင်အရပ်သားများ လူသားချင်းစာနာမှုဆိုင်ရာ ထောက်ပံ့မှုများမရရှိစေရန် ဆက်လက်ဟန့်တားထားဆဲဖြစ်ပြီး၊ ဩဂုတ်လတွင် တရုတ်နိုင်ငံက နိုင်ငံတကာဥပဒေကို ချိုးဖောက်ပြီး ယူနန်နယ်ရှိ ကချင်ဒုက္ခသည် လေးထောင်ကျော်ကို ကချင်ပြည်နယ်ရှိ ပဋိပက္ခဖြစ်ရာဒေသအတွင်းသို့ အတင်းအကျပ် ပြန်ပို့ခဲ့သည်။ ထို့ကြောင့် ကချင်ပြည်နယ်မှ အဆက်အသွယ်ပြတ်နေသည့် အိုးအိမ်စွန့်ခွာခဲ့သူများရှိရာစခန်းများအပေါ် ဖိအားများ ထပ်မံကျရောက်လာပြန်ပါသည်။

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်ရှိ ပဋိပက္ခဖြစ်ရာဒေသများတွင် မြန်မာစစ်တပ်က ဥပဒေပြင်ပမှ သတ်ဖြတ်မှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ၊ ညှဉ်းပမ်းနှိပ်စက်မှု၊ အဓမ္မစေခိုင်းမှုနှင့် အရပ်သားများနေထိုင်ရာ နေရာများအား ရည်ရွယ်တိုက်ခိုက်မှုများ လုပ်ဆောင်နေပြီး၊ ထိုလုပ်ရပ်များအားလုံးအတွက် အရေးယူခံရခြင်း မရှိဘဲ ဆက်လက် ကျူးလွန်နေကြဆဲ ဖြစ်သည်။ မြန်မာနိုင်ငံအရှေ့ပိုင်း ပဋိပက္ခဖြစ်ရာဒေသများတွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များမှာ ခိုင်မာမှုမရှိဘဲ ဆယ်စုနှစ်ပေါင်းများစွာ ပဋိပက္ခဖြစ်ပွားနေမှုကြောင့် ခန့်မှန်းခြေ လူလေးသိန်းမှာ မြန်မာနိုင်ငံအရှေ့ပိုင်းတွင် အိုးအိမ်မဲ့ဖြစ်နေကြရသည်။

စက်တင်ဘာလတွင် ကချင်ပြည်နယ်ရှိ လက်နက်ကိုင်ပဋိပက္ခကို ဆန့်ကျင်သည့် ငြိမ်းချမ်းစွာဆန္ဒပြရာတွင် ခွင့်ပြုချက်ရယူရန် ပျက်ကွက်သည့်အတွက် ရန်ကုန်မြို့ရှိ လှုပ်ရှားသူ ၁၃ ဦးမှာ တရားစွဲဆိုခံခဲ့ရသည်။ ကိုးဦးအား တရားရုံးအများအပြားတွင် တရားစွဲဆိုထားပြီး၊ အပြစ်ရှိကြောင်းတွေ့ရှိပါက နှစ်ပေါင်းများစွာ အကျဉ်းကျခံရမည် ဖြစ်သည်။ အစိုးရမှ အခြားသော ငြိမ်းချမ်းစွာဆန္ဒပြမှုများအပေါ် နှိမ်နင်းခဲ့ပြီး၊ ၎င်းတို့အထဲတွင် စစ်တပ်နှင့် တရုတ်ပြည်မှ တူးဖော်နေသည့် စစ်ကိုင်းတိုင်းရှိ ကြေးနီသတ္တုတွင်းကို ဆန့်ကျင်ဆန္ဒပြသူများအပေါ် အကြမ်းဖက် နှိမ်နင်းမှုလည်း ပါဝင်ပြီး၊ ယင်းနှိမ်နင်းမှုကြောင့် ဗုဒ္ဓဘာသာဘုန်းတော်ကြီးများအပါအဝင် ဆန္ဒပြသူ အယောက် ၂၀ ကျော် အပြင်းအထန် မီးလောင်ခံခဲ့ရသည်။

ငြိမ်းချမ်းစွာဆန္ဒပြသည့် လှုပ်ရှားသူများ၊ ရှေ့နေများနှင့် သတင်းစာဆရာများကို ထောင်တွင်းအကျဉ်းချသည့် ဥပဒေများ ဆက်လက်တည်ရှိနေဆဲဖြစ်ပြီး၊ ယင်းဥပဒေများတွင် တရားမဝင်အသင်းဖွဲ့စည်းမှု အက်ဥပဒေ၊ အီလက်ထရွန်းနစ် အက်ဥပဒေ၊ နိုင်ငံတော်ကာကွယ်မှု အက်ဥပဒေနှင့် အရေးပေါ်ပြဋ္ဌာန်းချက် အက်ဥပဒေများ အပြင် အခြားဥပဒေများလည်း ပါဝင်ပါသည်။ ၂၀၁၂ ခုနှစ် အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်များပေးရာတွင် မြန်မာ သမ္မတ ဦးသိန်းစိန်က ခန့်မှန်းခြေ နိုင်ငံရေးအကျဉ်းသား ၄၀၀ ကို လွှတ်ပေးခဲ့သော်လည်း၊ နောက်ထပ် ရာပေါင်းများစွာသော နိုင်ငံရေးအကျဉ်းသားများ ထောင်တွင်းရှိနေဆဲဖြစ်ပါသည်။ လွတ်မြောက်လာကြသော နိုင်ငံရေးအကျဉ်းသားများအပေါ် ခရီးသွားရာတွင်၎င်း၊ ပညာရေးတွင်၎င်း ကန့်သတ်ချက်များဆက်လက်ထားပြီး ၎င်းတို့ အတွက် လုံလောက်သည့် စိတ်ပိုင်းဆိုင်ရာလူမှုရေးပံ့ပိုးမှုများ ကင်းမဲ့နေဆဲဖြစ်သည်။

ဆိုးရွားသည့် မတရားဖိနှိပ်မှုများ ရှိနေသေးသော်လည်း - အမေရိကန်ပြည်ထောင်စုနှင့် ယူကေနိုင်ငံတို့အပါအဝင် -နိုင်ငံတကာအစိုးရများက နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများအပေါ် သူတို့အနေဖြင့် အကောင်းမြင်ကြောင်း ဆက်လက်ထုတ်ဖော်ပြောဆိုခဲ့ကြကာ မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ ကန့်သတ်ချက်များကို စောလျင်စွာလျှော့ပေါ့ပေးခြင်းနှင့် ဖယ်ရှားပေးခြင်းများ ပြုလုပ်ပေးခဲ့သည်ဟု လူ့အခွင့်အရေး စောင့်ကြည့်မှုအဖွဲ့က ဆိုပါသည်။ နိုဝင်ဘာလတွင် အမေရိကန်ပြည်ထောင်စု သမ္မတ ဘရတ်အိုဘားမားက မြန်မာနိုင်ငံသို့ သမိုင်းဝင်လာရောက်ပြီးနောက် သမ္မတ ဦးသိန်းစိန်က ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးအား မြန်မာနိုင်ငံတွင်ရုံးစိုက်ရန်ဖိတ်ခေါ်ကာ ကျန်ရှိနေသေးသည့် နိုင်ငံရေး အကျဉ်းသားများကိစ္စ အဓိကထားလုပ်ဆောင်ရန်အတွက် လွတ်လပ်သော လူ့အခွင့်အရေးဆိုင်ရာယန္တရားတစ်ခု တည်ဆောက်ရန် အပြင် ယခုချိန်ထိ အကောင်အထည်ဖေါ်ခြင်း မရှိသေးသည့် ကတိများပေးခဲ့သည်။

"ယူအက်စ်၊ ယူကေနဲ့ တခြားသြဇာလွှမ်းမိုးမှုရှိတဲ့အစိုးရတွေဟာ မြန်မာနိုင်ငံအနေဖြင့် ယမန်နှစ် လူသိရှင်ကြား နိုင်ငံတကာသို့ လှည့်လည်သွားစဉ် လူ့အခွင့်အရေးနဲ့ပတ်သက်ပြီး ပေးခဲ့တဲ့ကတိတွေတည်အောင် လုပ်ခိုင်းသင့်တယ်။ ကျန်ရှိနေသေးတဲ့ နိုင်ငံရေးအကျဉ်းသားတွေကို စနစ်တကျလွှတ်ပေးတာ၊ ကုလသမဂ္ဂလူ့အခွင့်အရေးရုံး ဖွင့်တာတို့ဟာ အရေးကြီးတဲ့ စံနှုန်းတွေပဲ။ မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေအပေါ် ပြင်းပြင်းထန်ထန် တုံ့ပြန်ခြင်းဟာ ပြုပြင်ပြောင်းလဲမှု လမ်းကြောင်းကိုတိမ်းစောင်းသွားစေတာမဟုတ်ဘဲ အထောက်အကူ ဖြစ်စေတယ် ဆိုတာကို သမိုင်းကပြသခဲ့ကြောင်း နိုင်ငံခြားအစိုးရတွေက သိထားသင့်တယ်" ဟု ရောဘတ်စန်က ဆိုပါသည်။